ဂကောံမန်ချင်အာကြုန်
Mon Community of Akron
1153 Coventry  Street, Akron, OH 44306

# (၆၃)ကြိမ်မြောက် မွန်အမျိုးသားနေ့ထုတ်ပြန်ကျေငြာချက်

သက္ကရာဇ် ၁၃၇၁ ခုနှစ် တပို့လပြည့်ကျော် (၁) ရက်နေ့ သည် ကျွန်ုပ်တို့ မွန်တမျိုးသားလုံး၏ မင်္ဂလာရှိသော အထိမ်းအမှတ်နေ့တနေ့ဖြစ်ပါသည်။ ဤကဲ့သို့ သမိုင်းဝင်နေ့ထူးနေ့မြတ်ဖြစ်သောအခါသမယတွင် ကျွန်ုပ်တို့ပြည်ပရောက် မွန်အမျိုးသားများအနေဖြင့် မွန်အမျိုးသားခေါင်းဆောင်ကြီးများနှင့်တကွ မွန်ပြည်သူတရပ်လုံးသို့ ဆုတောင်းမေတ္တာပို့သခြင်းနှင့်အတူ ပန်ကြားလွှာပေးပို့လိုက်ပါသည်။

အစဉ်ထာဝရ လေးစားရပါသော မွန်တော်လှန်ရေးခေါင်းဆောင်ကြီးခင်ဗျား

ကျွန်ုပ်တို့ မွန်အမျိုးသားထုတရပ်လုံး နှစ်ပေါင်း (၂၅၀) ကျော်ကျော် အာသာငန်းငန်းနဲ့ လိုလားတောင်းတနေတဲ့ မွေးရာပါလူ့အခွင့်အရေး၊ ကိုယ်ပိုင်ပြဌာန်းခွင့်မဲ့နေတဲ့ဘဝ ဆောင်ကြဉ်းပေးနိုင်ဘို့ လက်နက်ကိုင်တော်လှန်ရေးတရပ် ဆင်နွှဲခဲ့တဲ့ရည်ရွယ်ချက် ဦးတည်ချက်တွေကို သွေဖီမသွားကြဘို့ အလေးအနက်မေတ္တာရပ်ခံလိုပါသည်။

တချိန်က တော်လှန်ရေးခေါင်းဆောင်ကြီးများရဲ့အဆိုအတိုင်းပြန်ပြောရမည်ဆိုပါက “ **အောင်ပွဲသည် တိုက်ရဲသူတွေအတွက်သာ** “ လို့အဆိုရှိထားခဲ့သည်ကိုမမေ့သင့်ပါ။ တော်လှန်ရေးခေါင်းဆောင်ကြီးများအနေနှင့် မွန်ပြည်သူလူထုရဲ့ အကျိုးကိုရှေ့ရှုပြီး နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးရေးဖြင့် ပြဿနာများကို ဖြေရှင်းသည့်အပေါ်တွင် ကျွန်ုပ်တို့အနေဖြင့် ဘဝင်မကျမှု ရှိသော်ငြားလည်း အပြစ်မဆိုလိုပါ။ ခေါင်းဆောင်ကြီးများ၏ အမြော်အမြင်ကြီးမားမှုအပေါ်မှာ အစဉ်လေးစားလျှက်ပါ။

သို့ရာတွင် ယခုစစ်အာဏာရှင်အစိုးရ၏ အလိုကြ ကျွန်ုပ်တို့မွန်အမျိုးသားတော်လှန်ရေးကြီးကို နယ်ခြားစောင့်တပ်သို့ ပြည်သူ့စစ်အသွင်ပြောင်းလဲခိုင်းခြင်းမှာ ခပ်ရိုင်းရိုင်းနိုင်းရပါမူ **အရှင်သခင်လုံးခြုံစိတ်ချစွာ မှေးစက်နိုင်ဘို့အတွက် အိမ်ခြံစောင့်ရတဲ့ခွေး အဆင့်ကိုရောက်သွားနေတာမို့** ခေါင်းဆောင်ကြီးများ၏ကိုယ်စား စစ်အာဏာရှင်အစိုးရအပေါ် အသဲနာ ကျွှာမကျေပါ။

## မွန်တော်လှန်ရေးခေါင်းဆောင်ကြီးခင်ဗျား

ဒီသမိုင်းအပြောင်းအလှည့်တကွေ့မှာ ညီညီညွှတ်ညွှတ်ဖြင့် အတူလက်တွဲပြီး အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲ၏ ယုံကြည်ချက် ဦးတည်ချက် မျှော်လင့်ချက်တို့ကို နလုံးသွင်းပြီး သံဓိဋ္ဌာန်ချ လုပ်ဆောင်သွားကြဘို့ တိုက်တွန်းပါရစေ။

## မျိုးချစ်မွန်အမျိုးသားအပေါင်းတို့ခင်ဗျား

ရာဇဝင်သမိုင်းတွေမှာလို ဟံသာဝတီနိုင်ငံကို ဘုရားသကြားမလို့ ရခဲ့တာမျိုး ဂုဏ်ယူဝင့်ကြွားနေကြပြီး စောင့်စားနေလို့ မဖြစ်တော့ပါ။ မြန်မာစစ်ကျွန်ဘဝမှာ မွေးရာပါလူ့အခွင့်အရေးဆုံးရှုံးယုံမျှမကဘဲ တိရစ္ဆာန်နှင့်မခြား လူဖြစ်နေရတဲ့ဘဝကနေ ရုန်းကန်ထကြွကြဘို့ အချိန်ရောက်နေပါပြီ။ အမျိုးသားလွတ်မြောက်ရေးဆိုတဲ့အောင်ပွဲကို ရယူဘို့ဆိုတဲ့နေရာမှာ လက်နက်ကိုင်အဖွဲ့အစည်းတစ်ခုတည်းနှင့် ရယူဖန်တီးနိုင်မည်မဟုတ်သလို မွန်တမျိုးသားလုံးပူးပေါင်းပါဝင်တိုက်ပွဲဝင်မှသာ အောင်မြင်နိုင်မည်။

ရန်သူစစ်အာဏာရှင်အစိုးရ၏ ဝါဒမိုင်းမိနေသမျှကာလပတ်လုံး ကျွန်ုပ်တို့လိုလားနေတဲ့အရာတွေဟာ အိမ်မက်လို ဖြစ်နေဦးမှာပါ။

## မျိုးချစ်မွန်ပြည်သူအပေါင်းတို့

ကျွန်ုပ်တို့လက်နက်ကိုင်တော်လှန်ရေးကြီးရှိနေ၍သာ မွန်လူမျိုးရှိနေသေးတာပါ။ ယနေ့မွန်လက်နက်ကိုင်တော်လှန်ရေးကြီးကို ရန်သူစစ်အာဏာရှင်အစိုးရက အင်အားသုံးပြီး ဖြိုခွင်းရန် ကြံစီနေတာမို့ ကျွန်ုပ်တို့အားလုံး ကြရာဂဏ္ဍာကနေ ပူးပေါင်းပါဝင်တိုက်ပွဲဝင်ကြဘို့နှင့် တော်လှန်ရေးကြီးမပြိုကွဲမပြောက်ပျက်သွားအောင် ပူးပေါင်းဝိုင်းရံပေးကြဘို့ အချိန်ရောက်နေပါပြီ။ မွန်မျိုးချစ်ပြည်သူအပေါင်းတို့ကို နောက်ဆုံးတိုက်တွန်းလိုတာက **မွန်ပုဆိန်ရိုးများ နှင့် မြန်မာနယ်ချဲ့အလိုတော်ရိ** တွေကို ထုတ်ဖော်ဆန့်ကျင်ကြပါလို့။

မွန်အမျိုးသားတော်လှန်ရေးကြီး အောင်မြင်ရမည်။
အချုပ်အချာအာဏာနှင့် ပြည့်စုံသော မွန်နိုင်ငံတော်တရပ် ပေါ်ထွန်းစေရမည်။

မွန်အမျိုးသားနေ့ဖြစ်မြောက်ရေးကော်မတီ

.....................................